
သန်းမြင့်အောင်
သဏ္ဌာန်မဲ့ထုထည်
ဝတ္ထုတိုစု

## အမှာ စကား

သန်းမြင့်အောင်က မဂ္ဂဇင်းတွေ ထဲမှာ သူရေး ခဲ့တဲ့ ဝတ္ထုတိုကလေးတချို့ ကို စုစည်းပြီး ဝတ္ထုတိုပေါင်းချုပ်စာအုပ်ကလေး 'သဏ္ဌာန်မဲ့ထုထည်ဝတ္ထုတိုစု' ဆိုတဲ့ နာမည် နဲ့ ထုတ်ဝေမယ်လို့တဲ့။ အဲဒီ စာအုပ်မှာ "အမေ့ရဲ့ အမှာ စကားလေးတစ်ခုခု ပါချင်ပါတယ်၊ သန်းမြင့်အောင်ဆိုတာကလည်း ငါ့သမီး တစ်ယောက် လိုပါပဲလို့ အသိအမှတ်ပြုသော အားဖြင့် ရေး ပေးပါ" လို့ စာရေး လာပြီး သူ့ဝတ္ထုတိုပေါင်းချုပ် စာမူကလေးတွေ ကော်ပီယာ (မိတ္တူ)နဲ့ ကူးထားတာကို ပို့ပေးလိုက်တယ်။ သူ့စာနဲ့အတူ ကမာရင်ခွဲဝတ္ထုတိုပေါင်းချုပ်ရေး ခဲ့တဲ့ မိချမ်းဝေကလည်း ကူညီတောင်းခံပေးတဲ့ စာတစ်စောင်ပါ ပါသေးတယ်။

သန်းမြင့်အောင်ကို ကျွန်မက စာတော့မရေး ဘဲနဲ့ လူမှု ရေး ကိစ္စပေါင်းစုံနဲ့ အချိန်ကုန်ရသလားလို့

တွေ့တုန်း 'စာရေး ဦးနော်၊ စာလည်း ရေး ဦးနော်' လို့ သတိပေးနေတာပါ။ ဒီမိန်းကလေးက စာရေး ရင်လည်း ကောင်းတယ်။ ဒါပေမယ့်သူက လူမှု ရေး တွေ မှာ လည်း ဝါသနာလည်းပါ၊ စိတ်ပါလက်ပါလည်း လုပ်တတ်တော့ သူ့လက်က စာထွက်သင့်သလောက် မထွက်ဘူး။ ကျွန်မက အရည်အချင်းရှိတယ်ဆိုရင် ရေး ဖြစ်စေချင်တယ်။ စာဆိုတာ ရေး မှ ထွက်တာပါ။

ကျွန်မတို့နိုင်ငံမှာ ယောကျ်ားနဲ့မိန်းမ အဆင့်အတန်းခွဲခြားမှု နည်းပါးပါရဲ့ ဆိုပေမဲ့ ရှိသင့်သလောက်တော့ ရှိပါတယ်။ စာပေမှာ တောင် 'စီလို့သာကုံးရ စာလုံးတယ်မလှလေဘ မိန်းမလက်ရေး ' ဆိုတာ ဟိုခေတ်က ပြယုဂ်မဟုတ်ပါလား။ ခုခေတ်ရောက်တော့လည်း မိန်းကလေးတွေ ရဲ့ ပညာရေး က တက်လာလေတော့ ကျွန်မတို့မိန်းမတွေ ကလည်း စာပေနယ်ထဲမှာ ပေါ်သလောက် ပေါ်လာခဲ့ပါတယ်။ အဲဒီ လိုပေါ်လာတဲ့အခါ 'ဒါဟာ မိန်းမရေး တာမို့' ဆိုပြီး ဖတ်တဲ့လူက မခွဲခြားပါဘူး၊ စာကောင်းရင် လက်ခံတာချည်းပါပဲ။ ဒါကြောင့် သာပေ့ါ ပဒေသရာဇ်ခေတ်မှာ တောင်မှ နန်းတွင် းသူ မယ်ခွေတို့၊ တောင်တွင် း ရှင်ငြိမ်းမယ်၊ အင်းဝသူ မိဖြူ မိညို၊ မင်းကြီးကတော် ခင်ဆုံတို့၊

အနောက်နန်းမတော် မမြကလေးတို့ လှိုင်ထိပ်ခေါင်တင်တို့ရဲ့ စာတွေ ၊ ကဗျာတွေ တို့ တလေးတစားဖတ်ကြ မှတ်ကြရတယ် မဟုတ်လား။

ဒီဘက်ခေတ်မှာ လည်း မန္တလေးက သတင်းစာဆရာမ ကြီး အင်ပီပင်းဒင့် ဒေါ်စမ်း (ကလောင်နာမည် ဒေါ်ကွာစိ) တို့ဆိုတာ သတင်းစာနယ်မှာ အစောကြီးက ဝင်ဆံ့သူ အမျိုး သမီးကြီးပေါ့။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဒေါ်စန်းကို ချစ်စနိုးနဲ့ 'ရှယ်တူရင် ဘယ်သူက ကောင်းမယ်လို့ လောင်းချင်လှတယ်' လို့ သူ့လေးချိုး ကြီး တစ်ပုဒ်မှာ စခဲ့ပါသေးတယ်။ မန္တလေးက ပညာအုပ် ဒေါ်ထားတို့ ဝတ္ထုအရေး အသားမှာ လည်း ဒေါ်ဒဂုန်ခင်ခင်လေးတို့ ဒေါ်ခင်လေးဆွေတို့စာတွေ ဟာ ကျွန်မတို့ အမျိုး သမီးတွေ ရဲ့ ရှေ့ဆောင်လမ်းပြတွပေါ့။ သူတို့ လျှောက်သွားတဲ့လမ်းကိုလိုက်ပြီး ခင်မျိုး ချစ်တို့ ဂျာနယ်ကျော်မမလေးတို့ ကျွန်မတို့ စမ်းစမ်းနွဲ့တို့က သတင်းစာလမ်းကိုပါ လျှောက်ခဲ့ကြတယ်။ ဝတ္ထုလမ်းမှာ လည်း ခင်နှင်းယုတို့ ခင်ဆွေဦးတို့ ကလျာ (ဝိဇ္ဇာသိပ္ပံ)၊ မစန္ဒာတို့ မိုးမိုး (အင်းလျား)တို့ ရွှေကူမေနှင်းတို့ နုနုရည်(အင်းဝ)တို့ ဂျူး တို့ ဝင်းဝင်းလတ်တို့ မြို့ သာမရထိုတို့ ငြိမ်း(ရွှေလီ)တို့ မန္တလေးသူတွေ ဖြစ်တဲ့ မကိုတို့ မဝင့်(မြစ်ငယ်)တို့ မေမောင်တို့ မြနှောင်းညိုတို့ ဝင်းဝင်းမြင့်(နန်းတော် ရှေ့)တို့ ခင်ခင်ထူး(မန္တလေး)တို့ ယဉ်ယဉ်နု(မန္တလေး)စသဖြင့် အပြိုင်းအရိုင်း တက်လာကြတယ်။ ရန်ကုန်ဘက်ကလည်း သန်းမြင့်အောင်တို့ ရာသက်ပန်(တောင်ငူဆောင်)တို့ ခက်မာ၊ သွင်းနှင်းအိမ်၊ သင်းသင်းသာ၊ မိချမ်းဝေတို့ ရှိကြတယ်။

ကျွန်မက ဒီကလေးမလေးတွေ ကို ငယ်တုန်းရှယ်တုန်း ရေး အားကောင်းတုန်း စာထွက်အောင် ရေး စေချင်တယ်။ စာဆိုတာ ရေး နေမှ ထွက်တာပါ။ ကလောင်ကိုချထားလိုက်ရင် ပြန်မကိုင် ဖြစ်ဘူး။ ဒါကိုယ်တွေ့ပါ။ ဒါကြောင့် သန်းမြင့်အောင်ကိုလည်း သူ့လက်ရာလေးတွေ ကို ဖတ်ဖူးနေတော့ 'စာရေး နော်၊ တွေ ကရာနဲ့ အချိန်ကုန်မနေနဲ့' လို့ ခဏခဏ ပြောမိပါတယ်။ စာရေး တဲ့ မိန်းကလေးဆိုရင် ကျွန်မက ကျေနပ်တာချည်းပါ။

အဲ တစ်ခုတော့ ရှိတာပေါ့။ ကိုယ့်ကလောင်နဲ့ ဟိုထိုး ဒီကော်၊ ဟိုဆွ ဒီကလိနဲ့

ပွဲဆူအောင်တော့ မလုပ်နဲ့။ ကိုယ့်ကလောင်နဲ့ ကိုယ်ကျိုး ကိုယ်စီးပွားတော့ မရှာနဲ့၊ ကိုယ့်ကလောင်ဟာ အများ အကျိုး အတွက် ဖြစ်ရမယ်။ ကိုယ်စာရေး တာ စေတနာကောင်း စေတနာမှန် ပါရမယ်။ ဒါဆိုရင် ရေး တတ်တဲ့လူတိုင်း စာရေး စေချင်ပါတယ်။ သန်းမြင့်အောင်က စေတနာကောင်းမကောင်းတော့ မေးမနေနဲ့ သူ့မှာ စာမရေး ဘဲ အလုပ်တွေ လုပ်လွန်းလို့ ကျွန်မက သူ့ကို ဟန့်နေရသူပါ။

သူ့စာလေးတွေ ကို ဖတ်ကြည့်ကြပါဦး။

လူထုဒေါ်အမာ